# အမှောင်ထဲမှာ စမ်းတဝါး

သတင်းရင်းမြစ် > ညီသစ်
ကြာသပတေးနေ့၊ ဩဂုတ်လ ၀၄ ရက် ၂၀၁၁ ခုနှစ် ၁၆ နာရီ ၁၆ မိနစ်

စာအိတ်ပါးလေးတွေကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ပြီး စက်ရုံပေါက်ဝကနေ မျှော်ငေးနေတတ်ကြတဲ့ မိသားစုတွေ လက်ထဲ ထည့်ပေးလိုက်ရင်ဖြင့် လကုန်ရက် ဆိုတာ ပြက္ခဒိန် ကြည့်စရာမလိုတဲ့ မြင်ကွင်းကို အခုတော့ တွေ့ရတော့မှာ မဟုတ်ပါဘူး။

မကြာသေးခင်ကပဲ ပိတ်သွားခဲ့တဲ့ သဃ်န်းကျွန်းမြို့နယ်ထဲက ထိုင်ဝမ်နိုင်ငံသားပိုင် အထည်ချုပ် စက်ရုံမှာ လာလုပ်ခဲ့တဲ့ သူတွေဟာ ရန်ကုန်နဲ့ အလှမ်းမဝေးလှတဲ့ ခရမ်း၊ သုံးခွ စတဲ့မြို့တွေက ဖြစ်ပါတယ်။

လခ ထုတ်ရက်ဆိုရင် သူတို့ရဲ့ မိသားစုဝင်တွေဟာ တလကို နှစ်သောင်းကျပ်၊ သုံးသောင်းကျပ် သာသာရှိမယ့် လစာအိတ်ကလေးအတွက် တနေကုန် လာထိုင်စောင့်မျှော်တတ်ကြပါတယ်။

ဒီလို လာစောင့်ကြတဲ့ သူတွေထဲမှာ သက်ကြီး ရွယ်အိုတွေလည်း ပါလေရဲ့။ စက်ရုံ အပေါက်ဝ နား မကပ်ရဲတော့ အ

ဒီလိုလာစောင့်ကြတဲ့ သူတွေထဲမှာ သက်ကြီးရွယ်အိုတွေလည်း ပါလေရဲ့။ စက်ရုံ အပေါက်ဝနား မကပ်ရဲတော့ အနီးအနားရှိတဲ့ မိုးခိုလို့ရမယ့် နေရာလေးတွေမှာ အထုတ်ကလေးတွေ ချထိုင်ပြီးထိုင်ပေါ့။ အစိမ်းရောင် စက်ရုံ သံတခါးကြီးကတော့ ပိတ်လျက်သားကြီး။

တံခါးရဲ့ လူထွက်ပေါက် သေးသေးလေးကမှ ခေါင်းလေး
ပြူထွက်လာတဲ့ ကိုယ့်သားသမီး၊ ညီအကို မောင်နှမတွေကို အမောတကော ပြေးကြို၊ ရလာတဲ့ လစာအိတ်ကလေးကို သိမ်းပြီးမှ ကိုယ့်နေရပ်ကို ကမန်းကတန်း အမီပြန်ကြရတဲ့ သူတွေ။ သူတို့တွေထဲမှာ စက်ဆွဲတွေလည်း ပါတယ်။ စက်ကိုင်၊ အထည်စီတာက အစ ထုတ်ပိုးမှု၊ အုပ်ချုပ်မှု အပိုင်းအဆုံး။

အမှောင်ထဲမှာ စမ်းတဝါး

သတင်းရင်းမြစ် > ညီသစ်
ကြာသပတေးနေ့၊ ဩဂုတ်လ ၀၄ ရက် ၂၀၁၁ ခုနှစ် ၁၆ နာရီ ၁၆ မိနစ်

